
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# စကားကြီး ဆယ်မျိုး

မင်းယုဝေ

BURMESE CLASSIC .com

ပန်းချီဦးစိန် နှင့် ပန်းချီကိုကျော်သိုက်
သရုပ်ဖော်ပန်းချီရေးဆွဲသည်။

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ပုံနှိပ်ခြင်း | – | ပထမအကြိမ် |
| | | ၁၉၉၅–ခုနှစ်၊ အောက်တိုဘာလ။ |
| အုပ်ရေ | – | ၁၅၀၀ |
| အဖုံးပန်းချီ | – | ကိုကျော်သိုက် |
| အတွင်းသရုပ်ဖော်ပန်းချီ | – | ဦးစိန်၊ ကိုကျော်သိုက် |
| ထုတ်ဝေသူ | – | ဒေါ်ခင်ဝင်းရီ၊ (ဝင်းစာပေ)၊ (၀၁၆၆၂)၊ |
| | | ၈၈၊ ကမ္ဘာအေးစေတီလမ်း၊ |
| | | ဗဟန်း၊ ရန်ကုန်မြို့၊ ဖုန်း–၅၀၉၂၇ |
| ပုံနှိပ်သူ | – | ဦးသက်ဝင်း (၀၄၄၄၄) |
| | | ဝင်းဝင်းမြတ်အော့ဖ်ဆက် |
| | | ၈၈၊ ကမ္ဘာအေးစေတီလမ်း၊ |
| | | ဗဟန်း၊ ရန်ကုန်မြို့။ |
| စာစီ | – | ပုလဲကွန်ပျူတာ |
| | | ၁၀၊ ပုလဲလမ်း၊ ရွှေတောင်ကြား ၂–ရပ်ကွက်၊ |
| | | ဗဟန်း၊ ရန်ကုန်မြို့၊ ဖုန်း–၅၃၄၄၉ |
| ကာလာဖလင် | – | သူရိယအလင်း |
| | | အမှတ်–၁၇၃၊ သုခမ္မာ ၂–လမ်း၊ ၂–ရပ်ကွက်၊ မ/ဥက္ကလာ။ |
| စာအုပ်ချုပ် | – | ရွှေခြူး စာအုပ်ချုပ်၊ အမှတ်–၁၇၊ လမ်း–၁၀၀၊ ရန်ကုန်။ |
| တန်ဖိုး | – | [illegible] |
| ဖြန့်ချိရေး | – | မင်္ဂလာရောင်ခြည်စာပေဖြန့်ချိရေး |
| | | ၁၉၅၊ ၃၃–လမ်း၊ ရန်ကုန်မြို့။ |
| | | ဖုန်း–၈၅၇၈၃ |
| စာမူခွင့်ပြုချက် | – | (၁၄/၉၅/၉) |
| မျက်နှာဖုံးခွင့်ပြုချက် | – | (၂၆/၉၅/၉) |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


အမှာစာ (က)

၁။ ရေကူးညာတင် ........................ ၁

၂။ ကောက်ပင်ရိတ်လှီး ........................ ၃

၃။ ရေစီးဖောင်ဆန် ........................ ၅

၄။ အိုးတန်ဆန်ခတ် ........................ ၇

၅။ ဆီပွတ်ကျည်ပွေ့ ........................ ၉

၆။ ဆင်ဖွေ့ရန်ရှောင် ........................ ၁၁

၇။ တောင်သူယာခုတ် ........................ ၁၃

၈။ ကြက်ဆုတ်ခွပ်ပစ် ........................ ၁၅

၉။ ရေစစ်ကရား ရေသွားသောသွင် ........................ ၁၇

၁၀။ ခက်တင်မောင်းနှင်း ........................ ၁၉




www.burmeseclassic.com

www.burmeseclassic.com

# အမှာစာ

ရှေးမြန်မာ ဘိုးဘွားများသည် စကားပြောရာတွင် ထိရောက်ပိုင်နိုင်မှု ရှိအောင် နည်းအမျိုးမျိုးဖြင့် ပြောဆိုတတ်ကြပါသည်။ ထိုသို့ ပြောရာတွင် စကားပြောနည်း ဆယ်မျိုးကို ပိုင်းခြား သတ်မှတ်ထားပါသည်။ ယင်းတို့ကို စကားကြီးဆယ်မျိုး ဟူ၍ ခေါ်ပါသည်။

စကားကြီးဆယ်မျိုးမှာ '(၁) ရေကူးညာတင်၊ (၂) ကောက်ပင်ရိတ်လှီး၊ (၃) ရေစီး ဖောင်ဆန်၊ (၄) အိုးတန်ဆန်ခတ်၊ (၅) ဆီပွတ်ကျည်ပွေ့၊ (၆) ဆင်ဖော့ရန်ရှောင်၊ (၇)တောင်သူယာခုတ်၊ (၈) ကြက်ဆုတ်ခွပ်ပစ်၊ (၉) ရေစစ်ကရား ရေသွားသောသွင်၊ (၁၀) ခက်တင်မောင်းနင်း'ဟူ၍ ဖြစ်ပါသည်။ ယင်းတို့သည် မြန်မာစာပေ၊ မြန်မာမှု၊ မြန်မာ့ယဉ်ကျေးမှု နယ်ပယ်တွင် အရေးပါသော အခန်းက ပါဝင်ပါသည်။ ထို့ကြောင့် ယင်းတို့ကို ရှေးမြန်မာ ဘိုးဘွားတို့သည် လက်တွေ့အသုံးလည်း ပြုခဲ့ကြပါသည်။ နောင်လာနောက်သားတို့ အသုံးပြုနိုင်ရန်လည်း ကဗျာများ၊ သရုပ်ဖော်ပုံပြင်များ စသည်တို့ဖြင့် မှတ်တမ်းတင် ရေးသားထားခဲ့ကြပါသည်။

ဤမျှ အရေးပါ တန်ဖိုးရှိလှသော 'စကားကြီးဆယ်မျိုး'ကို သရုပ်ဖော် ပန်းချီဖြင့် ရုပ်ပြဇာတ်လမ်း ရေးသားဖော်ပြရလျှင် ယနေ့လူငယ်များအတွက် ထိရောက်စွာ အကျိုးပြုနိုင်လိမ့်မည်ဟု ကျွန်တော် ယုံကြည်မိပါသည်။ ထို့ကြောင့် 'မင်္ဂလာမောင်မယ် ရုပ်စုံ စာစောင်'တွင် ရှေးဘိုးဘွားတို့ မိန့်ဆိုခဲ့ကြသော စကားကြီးဆယ်မျိုးဆိုင်ရာ သရုပ်ဖော်ပုံပြင်များကို ကျွန်တော် ရုပ်ပြဇာတ်လမ်း ရေးသား၍ ပန်းချီဦးစိန်က ရောင်စုံရုပ်ပြပန်းချီ ရေးဆွဲကာ လစဉ် တင်ဆက်ခဲ့ပါသည်။ ထိုစဉ် ပန်းချီဦးစိန်သည် ၆-၃-၉၄နေ့ အသက်၇၀-အရွယ်တွင် ကွယ်လွန်သွားရာ ပန်းချီကိုကျော်သိုက်အား ဆက်လက်ရေးဆွဲရန် မေတ္တာရပ်ခံပြီး တင်ဆက်ခဲ့ပါသည်။

ယခုအခါ ယင်းတို့ကို စုပေါင်း၍ စာအုပ်ထုတ်ဝေရန် လူငယ်၊ လူရွယ်၊ လူကြီးအချို့က မေတ္တာ ရပ်ခံကြပါသည်။ အကြံပြုကြပါသည်။ သင့်တင့်ကောင်းမွန်သော အကြံပြုချက် ဖြစ်သဖြင့် ယခု စုပေါင်း၍ စာအုပ် ထုတ်ဝေလိုက်ပါသည်။ ယခုစာအုပ် ထုတ်ဝေရာ၌ ကွယ်လွန်သူ ပန်းချီဦးစိန်အား သတိရ အောက်မေ့၍ ဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။ ဆက်လက်ရေးဆွဲသူ ပန်းချီ ကိုကျော်သိုက်ကိုလည်း အထူးကျေးဇူးတင်ပါသည်။

ဤစာအုပ် ဖြစ်ပေါ်လာရန် ကူညီကြသော မြတ်မင်္ဂလာ ဒု-အယ်ဒီတာချုပ် ဦးသောင်းဟန် (သမိန်သောင်း)၊ အုပ်ချုပ်မှု အယ်ဒီတာ ဦးငွေဝင်း (မောင်ရွှန်းသစ်)၊ တာဝန်ခံ အယ်ဒီတာ ဦးဉာဏ်လင်းအောင်၊ မင်္ဂလာ မောင်မယ် တာဝန်ခံအယ်ဒီတာ ဦးကျော်ဝင်းအောင်၊ ဝင်းဝင်းမြတ် အော့ဖ်ဆက်-ဦးသက်ဝင်း၊ သူရိယအလင်း (ဖလင်ကာလာခွဲ)၊ ပုလဲကွန်ပျူတာလုပ်ငန်း- ဒေါ်သီတာကျော်နှင့် ရွှေခြူးစာအုပ်ချုပ်လုပ်ငန်းမှ ဦးသန်းမြင့်၊ ဒေါ်နီနီညွန့်တို့ကို အထူးကျေးဇူးတင် ပါကြောင်း ဖော်ပြအပ်ပါသည်။

မင်းယုဝေ

၅-၈-၉၅။

www.burmeseclassic.com

www.burmeseclassic.com

## (၁) ရေကူးညာတင် ပြောနည်း

မြစ်တစ်ဖက်မှ အခြားတစ်ဖက်ရှိ လိုရာဆိပ်ကမ်းသို့ ကူးလိုလျှင် မြစ်ညာက တင်၍ ကူးမှ လိုရာသို့ ရောက်သည်။ ထိုနည်းတူ မိမိအလိုရှိရာသို့ ရောက်အောင် အထက်က တင်ကူး၍ ပြောခြင်းကို 'ရေကူးညာတင်' ပြောနည်း ဟု ခေါ်သည်။

# စကားကြီး ဆယ်မျိုး

## ၁ ရေကူး ညာတင်

ဇာတ်လမ်း မင်းယုဝေ




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## (၂) ကောက်ပင်ရိတ်လှီး ပြောနည်း

စပါးရိတ်လျှင် ကောက်ပင်ကို လက်တစ်ဖက်ဖြင့် ဆုပ်သိမ်းကာ တံစဉ်ဖြင့် အရင်းမှ ဖြတ်၍ ရိတ်ယူရသည်။ ထိုနည်းတူ တစ်ဖက်လူ၏ စကားကို သိမ်းကျုံး ဖမ်းယူပြီးမှ အရင်းက ဖြတ်၍ ပိုင်အောင် ပြောခြင်းကို 'ကောက်ပင်ရိတ်လှီး' ပြောနည်း ဟု ခေါ်သည်။




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

## (၃) ရေစီးဖောင်ဆန် ပြောနည်း

ဖောင်ကြီးသည် အညာသို့ ဆန်တက်သောအခါ လိုရာပစ္စည်းတို့ကို တင်ယူ၍ ဖြည်းညင်းစွာ ဆန်တက်လျှင် လိုရာအရပ်သို့ ရောက်နိုင်၏။ ထိုအတူ စကားပြောရာတွင် လိုရာသို့ ရောက်အောင် ဥပမာ၊ ဥပမေယျတို့ဖြင့် ဖြည်းညင်းသာယာစွာ ပြောခြင်းကို 'ရေစီးဖောင်ဆန်' ပြောနည်း ဟု ခေါ်သည်။




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## (၄) အိုးတန်ဆန်ခတ် ပြောနည်း


ဆန်ကို အိုးနှင့် တန်အောင်ချက်လျှင် နူးနပ်စွာ သုံးဆောင်ရ၏။ ထို့အတူ စကားပြောရာတွင် လိုရင်း ရောက်အောင် မယုတ်မလွန် ပြောခြင်းကို 'အိုးတန်ဆန်ခတ်'ပြောနည်း ဟုခေါ်သည်။

# စကားကြီးဆယ်မျိုး

မင်းယုဝေ

## ၄ အိုးတန်ဆန်ခတ်

၁ ဘုရားလောင်း သုဝဏ္ဏသာမသည် ပီဠိယက္ခမင်း၏လက်ချက်ဖြင့် မြားဆိပ်သင့်၍ သေအံ့မူးမူး ဖြစ်နေသည်။ မျက်မမြင် မိဘနှစ်ပါး ဖြစ်ကြသော ဒုကူလရသေ့ နှင့် ပါရိကာရသေ့မတို့သည် ငိုကြွေးလျက် သစ္စာဆိုကြသည်။



BURMESE CLASSIC .com







www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## (၅) ဆီပွတ်ကျည်ပွေ့ ပြောနည်း

ဆီကို ရအောင်ပွတ်သည့်အခါတွင် အထပ်ထပ် ပွတ်ရ၏။ ထိုနည်းတူ စကားပြောရာတွင် မိမိ အလိုသို့ ရောက်အောင် အထပ်ထပ် အခါခါ ပြောခြင်းကို 'ဆီပွတ်ကျည်ပွေ့' ပြောနည်း ဟု ခေါ်သည်။




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

## (၆) ဆင်ဝှေ့ရန်ရှောင် ပြောနည်း

ဆင်ဝှေ့မည်ဟု လိုက်လျှင် လွတ်မြောက်အောင် တိမ်းရှောင်ပါက ချမ်းသာရာ ရနိုင်သည်။ ထို့အတူ စကားပြောရာတွင် မိမိအဖို့ ဘေးရန်ရောက်မည့် စကားကို ရှောင်လွှဲ၍ ပြောဆိုခြင်းကို 'ဆင်ဝှေ့ရန်ရှောင်' ပြောနည်း ဟု ခေါ်သည်။




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## (၇) တောင်သူယာခုတ် ပြောနည်း

တောင်သူတို့သည် ယာခုတ်လျှင် ချုံငယ်၊ သစ်ပင်ငယ်တို့ကို ဦးစွာ ရှင်းလင်း ခုတ်ထွင်ပြီးမှ သစ်ပင်ကြီးများကို ခုတ်လှဲလေ့ရှိကြသည်။ ထိုအတူ စကားပြောရာတွင် ရှေးဦးစွာ စကားငယ်ကို ပြောကာ နောက်မှ စကားကြီးများကို ဖိပြော၍ အနိုင်ယူ ပြောဆိုသည်ကို 'တောင်သူယာခုတ်' ပြောနည်း ဟု ခေါ်သည်။




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

## (၈) ကြက်ဆုတ်ခွပ်ပစ် ပြောနည်း

ကြက်တို့သည် ခွပ်မည်ပြုသောအခါ နောက်သို့ ဆုတ်ဟန်ပြု၍ ခွပ်သာသောအခါမှသာ စီး၍ခွပ်သည်။ ထို့အတူ စကားပြောရာတွင် သူ့အလိုသို့လိုက်တန်သရွေ့ လိုက်ပြီးလျှင် အပေါ်စီးရမှသာ စီးလျက် ပြောဆိုခြင်းကို 'ကြက်ဆုတ်ခွပ်ပစ်' ပြောနည်း ဟု ခေါ်သည်။




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com


## (၉) ရေစစ်ကရား ရေသွားသောသွင် ပြောနည်း

ရဟန်းတော်များသည် ရေစစ်ကရား (ဓမ္မကရိုဏ်)ကို ရေတွင် နှစ်၍ ရေပြည့်လျှင် အပေါက်ကို လက်ဖြင့် ပိတ်၍ ရေရအောင် ယူရသည်။ ထိုအခါမှ ရေပြန်မထွက် နိုင်ဘဲ ရေရရှိနိုင်သည်။ ထို့အတူ တစ်ဖက်လူ၏ စကားကို ပိတ်မိအောင် ပြောခြင်းကို 'ရေစစ်ကရား ရေသွားသောသွင်' ပြောနည်း ဟု ခေါ်သည်။




www.burmeseclassic.com

www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com

## (၁၀) ခက်တင်မောင်းနင်း ပြောနည်း


မောင်းထောင်းရာတွင် မောင်းနင်းသောသူသည် တစ်ဖက်စောင်း၍ နင်းလွန်းလျှင် မောင်းခွက်ထဲရှိ ဆန်၊ မုန့်ညက် စသည်တို့ ခိုက်ထုတ်တင်ယူရန် ခက်သဖြင့် မောင်းကို မတိမ်းမစောင်း နင်းရသည်။ ထိုအတူ စကားပြောရာတွင် သူ့စကားကို ဟုတ်၏ဟုလည်း မဆို၊ မဟုတ်ဟုလည်း မဆို၊ မတင်မကျ ပြောဆိုခြင်းကို 'ခက်တင်မောင်းနင်း' ပြောနည်း ဟု ခေါ်သည်။




www.burmeseclassic.com


www.burmeseclassic.com






BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com